## သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့အစည်း၏ အခန်းကဏ္ဍ

သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့အစည်းမှ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကိုဆုံးဖြတ်ပြီး နိုင်ငံအတွင်း အစီရင်ခံရာတွင် စည်းကမ်းချက်များအရ မည်မျှအဆင့်အထိ လိုအပ်မည်ကို ဆုံးဖြတ်နိုင်ပါသည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်များကို ရှေ့ဆက်သွားနိုင်ရန် ခေါင်းဆောင်မှုပေးခြင်းအားဖြင့်လည်း အဓိက အခန်းကဏ္ဍမှနေ၍ ပါဝင်နိုင်ပါသည်။ ရရှိပိုင်ဆိုင်မှုကို အစီရင်ခံရန် လိုအပ်နိုင်သည့်အတွက် သတင်းအချက်အလက်များကို ဖြန့်ဝေပေးရာတွင် ပါဝင် ပံ့ပိုးပေးနိုင်ပါသည်။

## ကုမ္ပဏီများအနေဖြင့် မည်သို့ပါဝင်ဆောင်ရွက်နိုင်ပါသလဲ။

ကုမ္ပဏီများ ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများနှင့် ပတ်သက်၍ အချက်အလက်များကို ထုတ်ပြန်ကြေညာပေးရန် **EITI** မှ စည်းကမ်းသတ်မှတ်ထားသဖြင့် ကုမ္ပဏီများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ဤသို့ဆောင် ရွက်ခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံအတွင်း မည်သူတို့သည် မည်သည့်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဆိုသော အချက်အလက်များကို အကျိုးသက်ဆိုင်သူများက သိရှိကြပြီး ကုမ္ပဏီများအားလုံးအတွက် ခွဲခြားမှုမရှိ၊ မျှတစွာ ယှဉ်ပြိုင်နိုင်သော ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါသည်။

## မျှမျှတတ ယှဉ်ပြိုင်နိုင်သည့် ဝန်းကျင်တစ်ခုကို ဖန်တီးခြင်း

စီမံအုပ်ချုပ်မှုစနစ်များ အားနည်းသော နိုင်ငံများတွင် တွင်းထွက်သယံဇာတရင်းမြစ်များကို စူးစမ်းရှာဖွေရန် (သို့မဟုတ်) ထုတ်လုပ်ရန် လုပ်ပိုင်ခွင့်များကို ချပေးသည်မှာ နိုင်ငံရေးချိတ်ဆက်မှုများအပေါ် အခြေခံ၍ချပေးသဖြင့် ဈေးကွက်များကိုလည်း ပြောင်းလဲစေသည်။ အကျိုးအမြတ်ရရှိသော ပိုင်ဆိုင်မှုဆိုင်ရာပွင့်လင်းမြင်သာမှုသည် ကုမ္ပဏီများအားလုံးတူညီသောစည်းကမ်းချက်များကို လိုက်နာကြစေသောကြောင့် ယှဉ်ပြိုင်မှုကို မြင့်မားစေပါသည်။ ရေနံ၊ သဘာဝ ဓာတ်ငွေ့နှင့် သတ္တုတွင်းလိုင်စင်များအတွက် လေလံပြိုင်ဆွဲနေသူများအကြား သတင်းအချက်အလက် ဘက်မညီ၊ မမျှတမှုကိုလည်း လျှော့ချပေးနိုင်သဖြင့် ၎င်းတို့၏ဈေးကွက်ဆိုင်ရာ သတင်းအချက် အလက်များလည်း ပို၍ ကောင်းမွန် လာပေလိမ့်မည်။

MYANMAR MEITI Extractive Industries Transparency Initiative

**NSC Office**
No. S3/S4, Second Floor, Aung Sun Stadium, Nothern Wing,
Gyoe Phyu Road, Mingalar Taung Nyunt Township, Yangon, Myanmar.

No.39, Thiriyadanar Complex, Zabuthiri Township, Nay Pyi Taw.
Tel : + 95 9 400 888 123
Email : communication@myanmareiti.org
Website : myanmareiti.org

**MOBD Office**
Fiscal Policy, Strategy and EITI Division, Budget Department,
No . 26, Nay Pyi Taw
Tel : 067 - 410533
Email : myanmareiti.mopf@gmail.com

## EITI စံနှုန်းများအရ ဘာလိုအပ်ပါသလဲ။

၂၀၁၆ခုနှစ်၊ **EITI** စံနှုန်းများအရ **EITI** ဖော်ဆောင်နေသည့် နိုင်ငံများအားလုံးသည် ကုမ္ပဏီများမှ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူများကို ထုတ်ပြန်ကြေညာခြင်းကိုလုပ်ဆောင်ရပါမည်။ ပထမအဆင့်အားဖြင့် မြန်မာနိုင်ငံအပါအဝင် **EITI** နိုင်ငံ ၅၀ ကျော် သည် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု လမ်းပြမြေပုံများကို ပုံနှိပ်ထုတ်ဝေမည်ဖြစ်ပြီး ထိုလမ်းပြမြေပုံတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည် ဖော်ဆောင်နိုင်ရန်လိုအပ်ပါသည်။ ၂၀၂၀ခုနှစ်၊ဇန်နဝါရီလမှစတင်၍ **EITI** ဖော်ဆောင်နေသော နိုင်ငံများအနေဖြင့် နိုင်ငံအတွင်း၌ တွင်းထွက်သယံဇာတတူးဖော်ရေး လုပ်ငန်းများတွင် ဝင်ရောက်လေလံဆွဲနေသူများ၊ လုပ်ကိုင်နေသူများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံနေသော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းကုမ္ပဏီများ အားလုံးသည် ၎င်းတို့၏အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုများအားလုံးကို ထုတ်ပြန်ကြေညာပြီး ဖြစ်နေရပါမည်။ ထို့အပြင် ပိုင်ဆိုင်သူမည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရမည့်အပြင် ပြည်တွင်း၊ ပြည်ပ၌ နိုင်ငံရေးအရထင်ရှားသူ အကျိုးအမြတ်ရရှိမှု အခွင့်အရေးများကို ရရှိပိုင်ဆိုင်ထားလျှင်လည်း ဖော်ထုတ်ရမည်ဖြစ်ပါ သည်။



## အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုများ ဖော်ထုတ်ခြင်း

## Beneficial Ownership Disclosure

## အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ

အများနှင့်သက်ဆိုင်သော ကုမ္ပဏီ(သို့) အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ(သို့) ကော်ပိုရေးရှင်းကြီးများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဆုံးစွန်ထိန်းချုပ်နိုင်ခြင်း (သို့) ပိုင်ဆိုင်ခြင်းရှိသူကို ဆိုလိုသည်။ အကယ်၍ လူပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီ (သို့) ကော်ပိုရေးရှင်းကြီးများတွင် ၅% နှင့်အထက် ပိုင်ဆိုင်သူ (သို့) ထိန်းချုပ်နိုင်သူဖြစ်လျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ဟု အလိုအလျောက် သတ်မှတ်သည်။

icon credit - www.flaticon.com

# ပိုမိုကောင်းမွန်သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှုမှ ကုမ္ပဏီများရမည့် အကျိုးကျေးဇူးများ

## ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ပိုမိုကောင်းမွန်စေခြင်း



ပိုင်ဆိုင်မှု သတင်းအချက်အလက်များကြောင့် ရင်းနှီးမြှုပ်နှံသူများသည် မိမိတို့မှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့်လုပ်ငန်းများ အပေါ်တွင် ပို၍ယုံကြည်စိတ်ချမှုရှိသည်။ ရင်းနှီးမြှုပ်နှံသူများ၏ ရှုထောင့်မှ ကြည့်လျှင် ၎င်းတို့ ရင်းနှီး မြှုပ်နှံမည့် ကုမ္ပဏီများ၏ ဖက်စပ်၊ မိတ်ဖက်များ မည်သူမည်ဝါဖြစ်သည်ကို သတင်းအချက်အလက်များ ရရှိခြင်းအားဖြင့် ကုမ္ပဏီများအပေါ် ၎င်းတို့၏ ရှုမြင်မှုများပိုမိုကောင်းလာသည့်အပြင် အချို့သောစီမံကိန်းများတွင် ဆက်စပ်နေသည့် ဆုံးရှုံးနိုင်ခြေများကို ပိုမိုသိရှိလာနိုင်သည်။

## လုပ်ငန်းပိုင်းဆိုင်ရာ ဆက်နွယ်မှုများတွင် ဆုံးရှုံးနိုင်ခြေများကို လျှော့ချပေးခြင်း



နိုင်ငံရေးအရ ထင်ရှားသူများကို တလွဲအသုံးချ နိုင်သူများ (သို့မဟုတ်) အရေးယူပိတ်ဆို့မှုများ ဖြစ်လာနိုင် သူများနှင့် အကယ်၍အတူတကွ အလုပ်လုပ်လိုက်ပါက ဖြစ်ပေါ်လာမည့် မိမိနာမည်ကောင်းဂုဏ်သတင်း၊ ငွေကြေးနှင့် ဥပဒေပိုင်းဆိုင်ရာ အန္တရာယ်နှင့် ဆုံးရှုံးနိုင်ခြေများကို အများပြည်သူများ အလွယ်တကူသိရှိနိုင်သည့် ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကလျှော့ချပေး နိုင်ပါသည်။ ဖက်စပ်လုပ်ငန်းများ၊ ထုတ်လုပ်မှု ဝေစုခွဲဝေ ပေးသည့် စာချုပ်များကို အခြားကုမ္ပဏီများနှင့် ချုပ်ဆိုခြင်း ကို အတွေ့ရများသည့် တွင်းထွက် သယံဇာတကဏ္ဍ အတွက်လည်း အထူးပင် သက်ဆိုင်နေပါသည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် ရေရှည်တွင် ဥပဒေကို လိုက်နာအောင်ဆောင်ရွက်ရသည့် စရိတ်များကို ပို၍သက်သာစေပါသည်။

## ယုံကြည်မှုတည်ဆောက်ခြင်း

ကုမ္ပဏီကို မည်သူပိုင်သည်ဆိုသည်နှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုခြင်းကြောင့် သံသယများကိုလျော့နည်းစေပြီး ရင်းမြစ်များကို ထုတ်ဖော်ရန် အကောင်းဆုံး နေရာတွင် ရှိနေသည်မှာ ကုမ္ပဏီဖြစ်သောကြောင့် ယင်းအပေါ်တွင် ယုံကြည်မှုရှိလာကာ အခွန်ပေးချေမှုများမှတဆင့် ရရှိလာသော အကျိုးအမြတ်များကို လူ့ဘောင်အဖွဲ့အစည်းသို့ ပြန်လည်ပေးအပ်နိုင်ပေသည်။ ပွင့်လင်းမြင်သာမှုရှိခြင်းအားဖြင့် အကျိုးသက်ဆိုင်သူများအား ဖုံးကွယ်စရာမရှိကြောင်း ဖော်ပြခြင်းအားဖြင့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် **social license** ခေါ် လူမှုခွင့်ပြုချက်များ ရရှိနိုင်ပါသည်။



## အဂတိလိုက်စားမှုနှင့် တရားမဝင် ငွေကြေးစီးဆင်းမှုများကို တားဆီးကာကွယ်ခြင်း



အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု သတင်း အချက်အလက်များကို အများပြည်သူ သိရှိအောင် ပုံနှိပ်ထုတ်ဝေ၊ ဖြန့်ဝေပေးခြင်းအားဖြင့် လူအများပိုမိုသိသွားနိုင်ပြီး အန္တရာယ်ပိုမိုမြင့်မားလာသောကြောင့် တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်ဆောင်ရွက်ရန် ပို၍ခက်ခဲလာပေမည်။